စက်မှုဝန်ကြီးဌာန

စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊နိုင်ငံတော်ဝန်ကြီးချုပ် နှင့် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ MSME လုပ်ငန်းရှင်များ တွေ့ဆုံပွဲ ကျင်းပဆောင်ရွက်မှု အခြေအနေ တင်ပြချက်အစီရင်ခံစာ

ရက်စွဲ။ ၂၀၂၃ ခုနှစ်၊ ဇွန် လ ရက်

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | နိဒါန်း | ၁ |
| ၂။ | ရည်ရွယ်ချက် | ၁ |
| ၃။ | အခမ်းအနားအစီအစဉ်နှင့်တက်ရောက်မှုအခြေအနေ | ၁ - ၂ |
| ၄။ | ဆွေးနွေးတင်ပြချက်များ | ၃ - ၈ |
| ၅။ | ရှင်းလင်းဆွေးနွေးချက်များ | ၈ - ၉ |
| ၆။ | လမ်းညွှန်မှာကြားချက်များ | ၉ - ၁၂ |
| ၇။ | MSME ထုတ်ကုန်များအားခင်းကျင်းပြသမှုအခြေအနေ | ၁၂ |
| ၈။ | နိဂုံး | ၁၂ - ၁၃ |
| ၉။ | နောက်ဆက်တွဲများ | |
| | - နိုင်ငံတော်ဝန်ကြီးချုပ်နှင့် MSME လုပ်ငန်းရှင်များ တွေ့ဆုံပွဲ၏ အခမ်းအနားအစီအစဉ် | နောက်ဆက်တွဲ (က) |
| | - အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး လုပ်ငန်းရှင်များ၏ ဆွေးနွေးတင်ပြချက်များ | နောက်ဆက်တွဲ (ခ) |
| | - လုပ်ငန်းရှင်များ၏ ဆွေးနွေး မေးမြန်းချက်အပေါ် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးများမှ ပြန်လည် ရှင်းလင်းဆွေးနွေးချက်များ | နောက်ဆက်တွဲ (ဂ) |
| | - တွေ့ဆုံဆွေးနွေးပွဲ၊ လှည့်လည်အားပေးကြည့်ရှုခြင်း နှင့် ပြခန်းများ ခင်းကျင်းပြသထားမှု မှတ်တမ်း ဓာတ်ပုံများ | နောက်ဆက်တွဲ(ဃ) |

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်
ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ MSME လုပ်ငန်းရှင်များတွေ့ဆုံပွဲ
ကျင်းပဆောင်ရွက်မှုအခြေအနေတင်ပြချက်အစီရင်ခံစာ**

## နိဒါန်း

၁။ ရှမ်းပြည်နယ်၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းများဖွံ့ဖြိုး တိုးတက်ရေးအတွက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် MSME လုပ်ငန်းရှင်များတွေ့ဆုံပွဲကျင်းပဆောင်ရွက်ခဲ့မှုအခြေအနေနှင့် နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်မှာကြားချက်များ၊ MSME လုပ်ငန်းရှင်များ၏ ဆွေးနွေးတင်ပြချက်များအပေါ် ရှင်းလင်းဆွေးနွေးချက်များ၊ ဒေသထွက် MSME ထုတ်ကုန်ပစ္စည်းများ ခင်းကျင်းပြသခဲ့မှု အခြေအနေအား အစီရင်ခံ တင်ပြခြင်းဖြစ်ပါသည်။

## ရည်ရွယ်ချက်

၂။ ရှမ်းပြည်နယ်၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ (MSME) ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် လုပ်ငန်းရှင်များ၏ အခက်အခဲများ၊ လိုအပ်ချက်များကို နိုင်ငံတော်မှ ပံ့ပိုးကူညီဆောင်ရွက်ပေးခြင်းဖြင့် လုပ်ငန်းများ အဆင်ပြေချောမွေ့စွာဆောင်ရွက်လာနိုင်ပြီး အလုပ်အကိုင်အခွင့်အလမ်းနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုး တိုးတက်မှုများ ရရှိလာစေရန် ရည်ရွယ်ပါသည်။

## အခမ်းအနားအစီအစဉ်နှင့်တက်ရောက်မှုအခြေအနေ

၃။ ၂၀၂၃ ခုနှစ်၊ မေလ(၂၉)ရက် နေ့လည်(၁၂:၃၀)နာရီအချိန်တွင် ရှမ်းပြည်နယ်၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဦးစီးရုံးခန်းမ၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းရှင် (MSME) များ တွေ့ဆုံဆွေးနွေးပွဲ အခမ်းအနားနှင့် ဒေသထွက် MSME ထုတ်ကုန်ပြပွဲကို ကျင်းပပြုလုပ်ခဲ့ပါသည်။

၄။ အဆိုပါတွေ့ဆုံဆွေးနွေးပွဲနှင့် ဒေသထုတ်ကုန်ပြပွဲအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဦးခွန်စံလွင်၊ ပြည်ထောင်စုဝန်ကြီးများ၊ ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ဇော်အေး၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး

မောင်မောင်အေးနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်လှမိုးနှင့် တာဝန်ရှိသူများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီမံအုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် MSME လုပ်ငန်းရှင်များ၊ စုစုပေါင်း (၃၅၀) ဦး တက်ရောက်ခဲ့ကြပြီး ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ ဒေသထွက်ကုန်ပစ္စည်းပြခန်း (၁၇) ခန်းအား ခင်းကျင်းပြသခဲ့ပါသည်။

၅။ အခမ်းအနားကို အစီအစဉ် (၉) ရပ်ဖြင့် ကျင်းပပြုလုပ်ခဲ့ပြီး ပထမဦးစွာ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ရဲထွေးက နယ်မြေဒေသ အခြေအနေများ၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်လျှက်ရှိမှု၊ ရင်းနှီးမြှုပ်နှံမှုချေးငွေများ ထုတ်ချေးပေးထားမှု၊ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျှက်ရှိမှု၊ အာလူးအအေးခန်းစက်ရုံတည်ဆောက်ထားရှိမှု၊ ဆက်လက်တိုးချဲ့တည်ဆောက်နိုင်ရေး ဆောင်ရွက်လျှက်ရှိမှု၊ သဘာဝမြေဩဇာ ထုတ်လုပ်ရေးစက်ရုံ တည်ဆောက်လျှက်ရှိမှု၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှ ထွက်ရှိသည့် စိုက်ပျိုးရေးထွက်ကုန်ပစ္စည်းများကို ပြည်တွင်းပြည်ပသို့ တင်ပို့ရောင်းချနေမှု၊ တန်ဖိုးမြှင့်ထုတ်ကုန်များထုတ်လုပ်နိုင်ရေး စီမံဆောင်ရွက်လျှက်ရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြခဲ့ပါသည်။ ထို့နောက် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေးက ရှမ်းပြည်နယ်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်လျှက်ရှိမှု၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ရင်းနှီးမတည်ငွေများ ထုတ်ချေးပေးထားမှု၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်လျှက်ရှိမှု၊ အကျိုးအမြတ်ရရှိမှုတို့နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပါသည်။ ဆက်လက်ပြီး ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ MSME လုပ်ငန်းရှင်များအနက် လုပ်ငန်းရှင်(၁၁)ဦးတို့မှ လုပ်ငန်းလိုအပ်ချက်များကို အသီးသီး တင်ပြခဲ့ကြပြီးနောက် အဆိုပါဆွေးနွေးတင်ပြချက်များအပေါ် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးများက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ပါသည်။ နိုင်ငံတော်ဝန်ကြီးချုပ်က ဆွေးနွေးတင်ပြချက်များအပေါ် ဖြည့်စွက်ဆွေးနွေးခဲ့ပြီး MSME ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ဆောင်ရွက်ရမည့်အချက်များ လမ်းညွှန်မှာကြားခဲ့ပါသည်။ အခမ်းအနားအစီအစဉ်အား **နောက်ဆက်တွဲ (က)** ဖြင့် တင်ပြအပ်ပါသည်။

**ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ MSME လုပ်ငန်းရှင်များမှ ဆွေးနွေးတင်ပြချက်များ**

၆။ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ **MSME** လုပ်ငန်းရှင်များမှ အောက်ပါအတိုင်း ဆွေးနွေးခဲ့ပါသည်။ အသေးစိတ်အခြေအနေအား **နောက်ဆက်တွဲ (ခ) ဖြင့်** တင်ပြအပ်ပါသည်-

(က) ဟိုပုံးမြို့နယ်ဆန်စက်လုပ်ငန်းရှင်များအသင်း၊ ဒုတိယဥက္ကဋ္ဌဦးချစ်လွင်က နမ့်တဘက်ချောင်းက တောင်ကြီးမြို့နယ်ထဲမှာ အဖျားခံပြီး ဟိုပုံးမြို့နယ်၊ ဆီဆိုင်မြို့နယ် ထီးစဲခါးရေတံခွန်မှ ပွန်ချောင်းထဲသို့ စီးဝင်ရာမှာ မိုးသည်းထန်သည့်အချိန်တွင် နမ့်တဘက်ချောင်းမှာ တိမ်ကောနေသောကြောင့် ဟိုပုံးမြို့နယ်ရှိ စိုက်ဧက (၈၅၀) ကေနှင့်ဆီဆိုင်မြို့နယ်တွင်လည်း စပါးစိုက်ခင်းများ ရေလွှမ်းမိုးမှုကြောင့် စိုက်ပျိုးမြေဆုံးရှုံးရပြီး၊ စိုက်ခင်းများ ပျက်စီးရသဖြင့် **နမ့်တဘက်ချောင်းရေစီးရေလာ ကောင်းမွန်စေရေးအတွက် ဆောင်ရွက်ပေးနိုင်ပါရန်** တင်ပြအပ်ပါကြောင်း။

(ခ) နောင်ခမ်းကော်ဖီအစုအဖွဲ့၊ ဆီဆိုင်မြို့နယ်မှ ဒေါ်နန်းခမ်းနိုးက မိမိတို့ အစုအဖွဲ့အနေဖြင့် ၂၀၁၇-၂၀၁၈ ခုနှစ်မှ စတင်၍ ကော်ဖီထုတ်လုပ်ခဲ့ရာ ၂၀၂၂-၂၀၂၃ ခုနှစ်တွင် အထူးတန်းဝင်ကော်ဖီအဆင့်ထိ ထုတ်လုပ်နိုင်ပြီဖြစ်ပါကြောင်း၊ ပြည်ပဈေးကွက်အထိ ထိုးဖောက်နိုင်ပြီဖြစ်ပါကြောင်း၊ အထူးတန်းကော်ဖီ (၁၀)တန် ထုတ်လုပ်ရန် နိုင်ငံ့စီးပွားဖြင့်တင်ရေးရန်ပုံငွေမှ ချေးငွေကျပ်သိန်း (၁၅၀၀) ရရှိခဲ့မှုအပေါ် စက်ပစ္စည်းများ ဝယ်ယူခဲ့ပြီး စက်ရုံဆောက်လုပ်ရန် မြေနေရာရှိပြီး၊ **စက်ရုံအဆောက်အဦအတွက် လိုအပ်သည့် ချေးငွေကျပ်သိန်း (၁၀၀၀) ထပ်မံလိုအပ်ပါ၍ ချေးယူခွင့်ပြုပါရန်** တင်ပြအပ်ပါကြောင်း၊

(ဂ) ဆီဆိုင်မြို့နယ်၊ ရွှေအောင်မြေပင်မှည့်သီးနှံအစုအဖွဲ့မှ ဦးအောင်ဌေးဦးက ဆီဆိုင်မြို့နယ်မြောက်ပိုင်း၊ ဘန်းယဉ်၊ ဘန့်ဗွီး၊ နားသံ၊ နားခိုက်ကျေးရွာအုပ်စုများတွင် ပင်မှည့်စိုက်ဧက (၂၀၀) ကျော်ရှိပါကြောင်း၊ အစေ့မှ ပျိုးထောင်သောပင်မှည့်ပျိုးပင်များမှာ မြေချစိုက်ပျိုးသည်မှ အသီးရရန်(၁)နှစ်ခွဲခန့်ကြာပြီး သက်တမ်း(၁၀)နှစ်ခန့် ကြာပါကြောင်း၊ (၁)ပင်လျှင် ဈေးကွက်ဝင်ပင်မှည့်သီး ပျှမ်းမျှ အလုံးရေ(၁၀၀-၃၀၀)ထိ ရရှိပြီး ပြည်ပနိုင်ငံ(တရုတ်၊ ထိုင်း၊ စင်ကာပူ)သို့ တင်ပို့နိုင်ခဲ့သည်မှာ (၂) နှစ်ရှိပြီဖြစ်ပြီး အကျိုးအမြတ်များအား တောင်သူများ

ထံသို့ အမြတ်ငွေများ ခွဲဝေပေးနိုင်ခဲ့ပါကြောင်း၊ နိုင်ငံခြားတင်ပို့မှုပမာဏ တိုးမြှင့်လိုသည့်အတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ကျပ်သန်း(၂၀၀) ချေးယူခဲ့ပြီး စိုက်ဧက (၁၀၀)၊ တောင်သူပေါင်း (၄၀)ဦး တိုးချဲ့စိုက်ပျိုးနိုင်ခဲ့ပါကြောင်း၊ ထပ်မံ၍ **ဧက(၂၀၀) တိုးချဲ့စိုက်ပျိုးလိုသည့်အတွက် ပင်မှည့်သီးနှံစိုက်ပျိုး တောင်သူ အစုအဖွဲ့များသို့ လိုအပ်သည့်ရင်းနှီးငွေများ ချေးပေး**ပါရန် တင်ပြအပ်ပါကြောင်း။

(ဃ) ပင်လောင်းမြို့နယ်၊ လွယ်ပြားကျေးရွာရှိ Emerald Leaf လက်ဖက်ခြောက်နှင့် လက်ဖက်ဝိုင်လုပ်ငန်းမှ တာဝန်ခံဦးအောင်သူက မိမိတို့စက်ရုံမှာ အသေးစား စက်ရုံဖြစ်ပြီးလူမှုပတ်ဝန်းကျင် တိုးတက်ကောင်းမွန်လာစေရန် အထောက်အကူပြုသည့် လုပ်ငန်းတစ်ခု ဖြစ်လာစေရန် ရည်ရွယ်၍ CSR လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး၊ ယခုအခါ လက်ဖက်များ အခြောက်ခံ၍ **လျှပ်စစ်မီး ရရှိရေးနှင့် လုပ်ငန်းတိုးချဲ့လုပ်ကိုင်နိုင်ရန်အတွက် ရင်းနှီးမြှုပ်နှံမှု ငွေကြေး အရင်းအနှီး ကျပ်သိန်း (၂၄၀၀)အား နိုင်ငံတော်အနေဖြင့် ကူညီဆောင်ရွက်ပေးပါရန်** တင်ပြအပ်ပါကြောင်း။

(င) ပင်လောင်းမြို့နယ်၊နောင်တရားအာလူးစိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမလုပ်ငန်း၊ သမဝါယမအသင်းလီမိတက်မှ ဥက္ကဋ္ဌ ဦးခွန်ဆန်းဦးက နိုင်ငံတော်ဝန်ကြီးချုပ်ထံ တင်ပြထားသော အာလူး Tissue Culture မျိုးပွားလုပ်ငန်းအား စိုက်ပျိုးရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်မှ ရှမ်းပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် နောင်တရား၊ ဟဲဟိုး အာလူးတောင်သူများ ပူးပေါင်း၍ အောင်ပန်းမြို့ရှိ စိုက်ပျိုးရေးနှင့် သုတေသနဦးစီးဌာနတွင် အာလူးမျိုးပွားခြင်းလုပ်ငန်းများ ပူးပေါင်းအကောင်အထည်ဖော်လျက် ရှိပါကြောင်း၊ နောင်တရားမြို့တွင်တန်(၂၀၀၀) ဆံ့အာလူး အအေးခန်းတည်ဆောက်ပြီး ဖြစ်ပါကြောင်း၊ အာလူးထည့်ဝင်မှုများသောကြောင့် ၂၀၂၃ ခုနှစ်တွင် တန်(၂၀၀၀) ဆံ့ အအေးခန်း ထပ်မံဆောက်လုပ်ရန် လိုအပ်မည် ဖြစ်ပါကြောင်း၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် နောင်တရား သဘာဝမြေဩဇာစက်ရုံ တည်ဆောက်နေသည်မှာ (၇၀%) ခန့် ပြီးစီးနေပြီး စက်များတပ်ဆင်ပြီးပါက ဩဂုတ်လတွင် စတင်စမ်းသပ်လည်ပတ်မည်ဖြစ်ပါကြောင်း၊ တစ်ရက်လျှင် တန်(၄၀)ကျ (၅၀ kg) အိတ်(၈၀၀) ထိ ရရှိမည်

ဖြစ်ပါကြောင်း၊ ကျွန်တော်တို့အာလူး အစုအဖွဲ့သည် မြန်မာနိုင်ငံအတွင်း ပြည်သူများအတွက်သာ စားနပ်ရိက္ခာရရှိရန် ဆောင်ရွက်နေပြီး ပြည်ပသို့ ရောင်းချနိုင်ခြင်း မရှိသေးပါ။ တောင်သူအဖွဲ့ဝင်အသင်း (၂၀၀၀) ကျော်ရှိပြီး ဟဲဟိုးအသင်း၊ ပင်းတယ(ကျုံး)အသင်း၊ မကွေးတိုင်း ဆင်ဖြူကျွန်း အာလူး အသင်းတို့နှင့် ချိတ်ဆက်ဆောင်ရွက်လျှက်ရှိပါကြောင်း၊ ဒါ့ကြောင့် တန်(၂၀၀၀) ဆံ့ အအေးခန်း ထပ်မံဆောက်လုပ်ရန် မြေနေရာရှိပြီး **ကုန်ကြမ်းဝယ်ယူရန်နှင့် စက်ရုံဆောက်လုပ်ရန်အတွက် အတိုးနည်းသော ချေးငွေအား နိုင်ငံတော် အနေဖြင့် ကူညီဆောင်ရွက်ပေးပါ**ရန် တင်ပြအပ်ပါကြောင်း။

(စ) ဆီဆိုင်မြို့နယ်ရှိ ရွှေမိုင်းစိတ်သဘာဝဂျစ်ပ်ဆမ် မြေသြဇာလုပ်ငန်းမှ ဦးအောင်ကိုထိုက်က မိမိတို့လုပ်ငန်းအား ၂၀၁၃ ခုနှစ်တွင် လင်းခေးခရိုင်၊ မောက်မယ်မြို့နယ်၊ နမ့်လွတ်ကျေးရွာအုပ်စု၊ နမ့်လွတ်ကျေးရွာ၏ အရှေ့ဘက် မြေဧရိယာ (၁၉.၇)ဧက ကျယ်ဝန်းသောလုပ်ကွက်တွင် ဂေါဒန်ကျောက် (စက်မှုတွင်းထွက်ကုန်ကြမ်း) အသေးစား စမ်းသပ်တိုင်းတာခွင့်ပြုပေးပါရန် ယခင်အစိုးရလက်ထက် ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီ (၂၅) ရက်နေ့တွင် ပထမအကြိမ်၊ ၂၀၂၁ ခုနှစ်၊ ဧပြီလ (၂၉)ရက်နေ့တွင် ဒုတိယအကြိမ် စတင် လုပ်ကိုင်ခဲ့ပြီး၊ ယခုအခါ ဆီဆိုင်၊ ဆိုက်ခေါင်မြို့နယ်တွင် လုပ်ကိုင်လျှက် ရှိပါကြောင်း၊ လုပ်ကွက်ကို စက်မှု ၁ ကပိတ်သိမ်းခဲ့သည့်အတွက် ကျွန်တော်တို့အနေဖြင့် ကုန်ကြမ်းအား ပြင်ပမှ ဝယ်ယူရသည့်အတွက် ဈေးနှုန်းမြင့်မားခြင်း၊ ခက်ခဲခြင်း၊ လုပ်ငန်းကြန့်ကြာမှုများကြောင့် **ဂေါဒန် ကျောက်လုပ်ကွက်အား ပြန်လည်ခွင့်ပြုပေးပါရန်** တင်ပြအပ်ပါကြောင်း။

(ဆ) ပင်လောင်းမြို့နယ်၊ မြင်းတွင်းကျေးရွာရှိ Dragon Cement မှ တာဝန်ခံ ဦးမျိုးမင်းထိုက်က ရှမ်းပြည်နယ်(တောင်ပိုင်း)၊ အထူးဒေသ(၆)၊ ပအိုဝ်း ငြိမ်းချမ်းရေးအဖွဲ့၊ PNO အသွင်ပြောင်း ပြည်သူ့စစ်(ဌာနေ)၊ ဗဟိုအထူး စီးပွားရေးဌာန၏ ကုမ္ပဏီဖြစ်သော Dragon Cement Co.,Ltd. သည် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပင်လောင်းမြို့နယ်၊ မြင်းတွင်းကျေးရွာအုပ်စုတွင် တစ်ရက် တန်(၆၀၀)ကျ ၊ တန်(၃၀၀) (၂)လိုင်းဖြင့် ထုံးနှစ် ရည်နည်းစဉ် (Wet Process) အသုံးပြု၍ ဘိလပ်မြေထုတ်လုပ်လျှက်ရှိရာ၊ လက်ရှိစက်ရုံ မြေနေရာ၏ (၈၀.၄၉) ဧကပေါ်တွင် တန်(၅၀၀၀)ကျ ထုံးမှုန့်အခြောက်ရော

စပ်နည်းစဉ် (Dry Process) အသုံးပြုပြီး ဘိလပ်မြေစက်ရုံ တိုးချဲ့နိုင်ရေး အတွက် လိုအပ်သည့် နိုင်ငံခြားချေးငွေအား နိုင်ငံတော်အစိုးရ၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံတော်အစိုးရထံမှ ချေးငွေရယူနိုင်ရေးအတွက် စာဖြင့် တင်ပြခဲ့ရာ ရှမ်းပြည်နယ် အစိုးရအဖွဲ့မှ (၁၅.၂.၂၀၂၂) ရက်နေ့တွင် ပြည်နယ်အစိုးရအဖွဲ့ အစည်းအဝေးအမှတ် (၂/၂၀၂၂) ဆုံးဖြတ်ချက်အပိုဒ်(၆)(၂-ဃ)အရ ကန့်ကွက်ရန်မရှိပါကြောင်း သဘောထားမှတ်ချက် ရရှိခဲ့ပါသည်။ နဂါးဘိလပ်မြေကုမ္ပဏီလီမိတက်မှ တန်(၅၀၀၀) ဘိလပ်မြေ စက်ရုံသစ် အကောင်အထည်ဖော် တည်ဆောက်ရန်အတွက် လိုအပ်သောအချက်အလက်များကို အမှတ် (၂) အကြီးစားစက်မှုလုပ်ငန်းသို့ တင်ပြခဲ့ပါသည်။ စက်ရုံ တည်ဆောက်ရေး စီမံကိန်းအတွက်ကုန်ကြမ်းအသုံးပြုမှုဆိုင်ရာ၊ လောင်စာ စွမ်းအင်အသုံးပြုမှုဆိုင်ရာ၊ နည်းပညာပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ၊ ဘိလပ်မြေ ဈေးကွက်ဆိုင်ရာ၊ ကုန်ကြမ်းရေးရာ ပတ်ဝန်းကျင် ထိခိုက်မှုဆိုင်ရာနှင့် ဘဏ္ဍာရေးဆိုင်ရာ စသည်တို့အား စီမံကိန်း အကြိုလေ့လာဆန်းစစ်ချက် (Feasibility Study) ပြုလုပ်၍ စီမံကိန်းအဆိုပြုလွှာကို စက်မှုဝန်ကြီးဌာန သို့တင်ပြခဲ့ရာ တင်ပြချက်အပေါ် ဘိလပ်မြေစက်ရုံတိုးချဲ့စီမံကိန်းအတွက် နိုင်ငံတော်အစိုးရထံမှ စီမံကိန်းချေးငွေ ရယူနိုင်ရေးကိစ္စမှာ နိုင်ငံတော်၏ မူဝါဒအရ ဆောင်ရွက်ရမည့်ကိစ္စဖြစ်သည့်အတွက် ကုမ္ပဏီအနေဖြင့် စီမံကိန်းချေးငွေရယူနိုင်ရေး ဆက်လက်ဆောင်ရွက်ရန် ရှိသည်များကို မိမိအစီအစဉ်ဖြင့် သက်ဆိုင်ရာ ဌာန/ အစိုးရအဖွဲ့အစည်းများသို့ တင်ပြဆောင်ရွက်သွားရန်ဖြစ်ပြီး ယခုတင်ပြသောဘိလပ်မြေစက်ရုံတိုးချဲ့စီမံကိန်းနှင့် ပတ်သက်၍ စက်မှုဝန်ကြီးဌာန၏ သဘောထား အစီရင်ခံတင်ပြချက်များကို ထည့်သွင်း ဖော်ပြနိုင်ရန်အတွက် စီမံကိန်း ဖြစ်မြောက်နိုင်စွမ်းဆိုင်ရာ အကဲဖြတ် ဆန်းစစ်ချက် အစီရင်ခံစာကို အကြောင်းကြားခြင်းခံရပါသည်။ ကုမ္ပဏီအနေဖြင့် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များနှင့်အညီ (၁)ရက်လျှင် တန် (၅၀၀၀) ကျ ဘိလပ်မြေစက်ရုံ (Dry Process) အမြန်ဆုံး အကောင်အထည်ဖော်ဆောင်ရွက်၍ ပြည်တွင်းဘိလပ်မြေလိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရန်၊ ပြည်ပနိုင်ငံများမှ ဘိလပ်မြေ ဝယ်ယူသုံးစွဲမှုများ လျှော့ချနိုင်ရန်၊ ပြည်ပငွေကြေးသုံးစွဲမှုများကို လျှော့ချနိုင်ရန်၊ဒေသခံတိုင်းရင်းသားများ

အလုပ်အကိုင် အခွင့်အလမ်းများ ရရှိစေရန်နှင့် နိုင်ငံတော်တည်ဆောက်ရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန်ရည်ရွယ်၍ အကောင်အထည်ဖော်ဆောင် ရွက်လိုပါသည်။ သို့ဖြစ်ပါ၍ နိုင်ငံတကာအဆင့်မီအရည်အသွေး ကောင်းမွန်သော **တန်(၅၀၀၀) ဘိလပ်မြေစက်ရုံ (Dry Process) ကို အမြန်အကောင် အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သောနိုင်ငံခြားငွေ အမေရိကန် ဒေါ်လာ သန်း(၂၆၀) အား လိုအပ်သလို လမ်းညွှန်မှုပြုပေးနိုင်ရန်** တင်ပြအပ်ပါကြောင်း။

(ဇ) ဆီဆိုင်မြို့နယ်၊ ဘန်းယဉ်ကျေးရွာအုပ်စု၊ မီးကော်မတီမှ ဦးစိုင်းစံထူးက ဘန်းယဉ်ကျေးရွာမီးလင်းရေးအတွက် ၂၀၁၆ ခုနှစ်မှ စ၍ လုပ်ကိုင်ခဲ့ပါကြောင်း၊ မီတာကြေးမှာ ကောက်ခံရရှိမှုနည်းပါးသဖြင့် နိုင်ငံတော်ကို တစ်လလျှင် ကျပ်(၁၅)သိန်း၊ ကျပ် (၂၀) သိန်းခန့် စိုက်၍ဆောင်ရွက်ရပါကြောင်း ၊ ထို့ကြောင့် **နိုင်ငံတော်၏ လျှပ်စစ်မီတာရယူလိုသည်ကို တင်ပြအပ်ပါကြောင်း၊**

(ဈ) ဆီဆိုင်မြို့နယ်၊ တန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်ငန်း၊ နာနတ်သီးအစုအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်နိုင်က မိမိတို့အဖွဲ့သည် နာနတ်သီးကို အဓိက ထုတ်လုပ်လျက် ရှိပြီး ကုမ္ပဏီမှတ်ပုံတင်လဲ ရှိပါကြောင်း၊ အလုံးရေ သိန်း(၅၀)ထိ ထွက်ရှိပြီး ဈေးကွက်သို့ တစ်ဝက်ခန့်တင်ပို့ကာ ကျန်တစ်ဝက်ကို နာနတ်ယို ထုတ်လုပ်လျက်ရှိပြီး၊ စက်ရုံတည်ဆောက်နေသည်မှာ (၈၀%) ပြီးစီးပြီဖြစ်ပြီး ဩဂုတ်လ လောက်တွင် ထုတ်လုပ်နိုင်မည်ဖြစ်ပါကြောင်း၊ နာနတ်တောင်သူများအတွက် တစ်ကေလျှင် (၂)သိန်းနှုန်းဖြင့် စိုက်ကေ (၅၀၀)ခန့်ထိ (၃)နှစ်သက်တမ်းဖြင့် ချေးပေးနေပါကြောင်း၊ ထပ်မံ၍ အစုအဖွဲ့**အတွက် လိုအပ်သောကျပ်သန်း (၅၀၀)အား ချေးငွေသက်တမ်းတိုး၍ ချေးပေးစေလို သည်**ကိုတင်ပြအပ်ပါကြောင်း။

(ည) ဟိုပုံးမြို့နယ်၊ ပအိုဝ်းမ ပဲပုပ်မှုန့်လုပ်ငန်းမှ ဒေါ်နန်းနုနုရီက ကျွန်မ၏လုပ်ငန်း ကတော့အသင့်စား ပဲပုပ်မှုန့် လုပ်ငန်းဖြစ်ပြီး အဓိက ပါဝင်ပစ္စည်းများ ဖြစ်တဲ့ ပဲပုပ်စေ့၊ ငရုတ်သီး၊ ဆားတို့ပင်ဖြစ်ပါကြောင်း၊ ပဲပုပ်စေ့ကို ဟိုပုံးမြို့နယ်၊ နမ့်စန်မြို့နယ်များမှ ထွက်ရှိသည့် ပဲပုပ်စေ့ကို ဝယ်ယူ၍ ပဲပုပ်စေ့မှ ပဲပုပ်ချပ် အဖြစ် ထုတ်လုပ်ပါကြောင်း၊ ငရုတ်သီးကိုတော့ ဟိုပုံးမြို့နယ်နှင့် ဆီဆိုင် မြို့နယ်များအတွင်း စိုက်ပျိုးတောင်သူများထံမှ ဝယ်ယူ၍ အမှုန့်ပြုလုပ်ကာဆား၊

ပဲပုပ်မှုန့် တို့နှင့် ရောစပ်ကာ အသင့်စား ပဲပုပ်မှုန့် ထုတ်လုပ်ခဲ့ပါကြောင်း၊ လွန်ခဲ့သော ၂၀၂၁ ခုနှစ် မိုးတွင်းစိုက်ပျိုးသည့် ဂေးတ်သီးမျိုးမှာ ဒေသထွက် ဂေးတ်အသေးမျိုးဖြစ်ပြီးအသီးသီးသည့်အချိန်တွင် ပိုးဝင်ခြင်း(သို့) မှိုတက်၍ ဖြူသည့်အဆင့်သို့ ရောက်ရှိသွားပါသည်။ ဂေးတ်စိုက်တောင်သူများ ဆုံးရှုံးမှု ရှိခဲ့ပြီး ကေပေါင်း(၂၀၀)ခန့် ရှိပါသည်။ ၂၀၂၂ ခုနှစ်တွင်ဂေးတ်စိုက်တောင်သူများ လျော့နည်း လာခဲ့ပါသည်။ ယခုနှစ်ဇူလိုင်လ ဂေးတ်စိုက်ရာသီတွင်တော့ ပြန်လည်စိုက်ပျိုးကြမည် ဖြစ်ပါကြောင်း၊ ဒါ့ကြောင့် ကုန်ကြမ်းဝယ်ယူမှု အခက်အခဲများနှင့် ကြုံတွေ့ခဲ့ရပြီး၊ တောင်သူများအနေဖြင့်လည်း **မျိုးကောင်း မျိုးသန့်ရရှိရေးနှင့် စိုက်ပျိုးမှုနည်းပညာများ လိုအပ်သည်ကို ကူညီဆောင်ရွက် ပေးနိုင်ပါရန်** တင်ပြအပ်ပါကြောင်း။

(ဠ) ဟိုပုံးမြို့နယ်၊ Green Gold ကော်ဖီစိုက်ပျိုးသမဝါယမ အသင်းလီမိတက်မှ ဦးချစ်တင်က မိမိတို့အသင်းမှာ ကော်ဖီစိုက်တောင်သူ (၅၉၂)ဦး ဖြင့်စတင်ပြီး ယခုအခါ (၉၁၇) ဦးထိ ရှိပြီး စိုက်ဧက (၁၉၀၀) ကျော်ရှိပြီ ဖြစ်ပါကြောင်း၊ ၂၀၁၇ ခုနှစ်မှ စ၍ ပြင်သစ်နိုင်ငံနဲ့ (၅)နှစ်သက်တမ်း စာချုပ်ချုပ်ဆိုထားပြီး ဖြစ်ပါကြောင်း၊ ၂၀၁၉ ခုနှစ်တွင် Organic လက်မှတ်ရရှိထားပြီ ဖြစ်ပါကြောင်း၊ ၂၀၂၇ ခုနှစ် တွင် ထပ်မံစာချုပ်သက်တမ်းတိုးဖို့လည်း ရှိပါကြောင်း၊ ကော်ဖီ ကြိတ်ခွဲခြင်းအတွက် တောင်ကြီးမြို့ရှိ TBC (Taunggyi Business Center) တွင် အဆောက်အဦ ငှားရမ်းထားသည်မှာ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလတွင် သက်တမ်းပြည့်မည်ဖြစ်ပါကြောင်း၊ ယခုလက်ရှိတွင် ဟိုပုံးမြို့နယ်မှာ ဂိုဒေါင် အသစ်ဆောက်လုပ်လျှက်ရှိပြီး ၂၀၂၄ ခုနှစ်တွင် ရွှေ့ပြောင်းတော့မှာ ဖြစ်ပါ ကြောင်း၊ မိမိတို့ဒေသတွင် ထုတ်လုပ်မှုလုပ်မည်ဆိုပါက လျှပ်စစ်မီးလိုအပ် မည်ဖြစ်ပြီး၊ တွက်ချက်မှုအရ **315 KVA လိုအပ်မှုအား ကူညီဆောင်ရွက် ပေးစေလိုသည်ကို** တင်ပြအပ်ပါကြောင်း။

## ရှင်းလင်းဆွေးနွေးချက်များ

၇။ လုပ်ငန်းရှင်များ၏ ဆွေးနွေးမေးမြန်းချက်များအပေါ် ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသော စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနဝန်ကြီး၊ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနဝန်ကြီး၊ သယံဇာတနှင့်

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနဝန်ကြီး၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဝန်ကြီး၊ စက်မှုဝန်ကြီးဌာနဝန်ကြီး၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနဝန်ကြီးတို့မှ ၎င်းတို့၏ဝန်ကြီးဌာနအလိုက် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်တို့မှ ရှင်းလင်းဆွေးနွေးခဲ့ကြပါသည်။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးများက ပြန်လည်ဆွေးနွေးချက်များကို **နောက်ဆက်တွဲ(ဂ)** ဖြင့် တင်ပြအပ်ပါသည်။

## လမ်းညွှန်မှာကြားချက်များ

၈။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဆွေးနွေးပြောကြားရာတွင် လုပ်ငန်းရှင်များအသီးသီး၏ တင်ပြချက်များအပေါ် တာဝန်ရှိသူများက အသီးသီးပြန်လည်ဆွေးနွေးပြီးဖြစ်ကြောင်း၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့် ပတ်သက်၍ ဆွေးနွေးပြောကြားရာတွင် ယနေ့ခေတ်သည် ပါတီစုံဒီမိုကရေစီ စီးပွားရေးစနစ်ဖြစ်ကြောင်း၊ မိမိတို့ဒေသ စီးပွားရေးတိုးတက်ရန်အတွက် မိမိတို့ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ နိုင်ငံ၏စီးပွားရေး တိုးတက်ရေးအတွက် ဆောင်ရွက်ရာတွင် နိုင်ငံ၏အဓိကစီးပွားရေး လုပ်ငန်းဖြစ်သည့် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံလူဦးရေ၏ (၇၂%) ခန့်သည် ကျေးလက်တွင်နေထိုင် ကြသူများဖြစ်သည့်အတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းကို အခြေခံသည့် ကုန်ထုတ်လုပ်မှုကို အားပေးဆောင်ရွက်ရန် စဉ်းစားရမည်ဖြစ်ပြီး၊ ကျေးလက်နေပြည်သူများ၏ စီးပွားရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်နေခြင်း ဖြစ်ကြောင်း၊ လူအများအတွက် လိုအပ်သည့်ကုန်ပစ္စည်းများကို ထုတ်လုပ်နိုင်မှသာလျှင် ဝင်ငွေများ ပိုမိုရရှိနိုင်မည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းရန်အတွက် ပန်းတိုင်ရည်မှန်းချက်များ ချမှတ်ထားကြောင်း၊ မွေးမြူရေးလုပ်ငန်းတွင်လည်း အလားတူပင်ဖြစ်ကြောင်း၊ ကုန်ထုတ်လုပ်မှုများ တိုးတက်ခြင်းဖြင့် ရောင်းလိုအားနှင့် ဝယ်လိုအားများ မြင့်တက်လာမည်ဖြစ်ကြောင်း၊ မိမိတို့ နိုင်ငံ၏ စီးပွားရေး မတိုးတက်ရခြင်း အကြောင်းအရင်းမှာလည်း ကုန်ထုတ်လုပ်မှုများ နည်းပါးနေခြင်းကြောင့်ပင်ဖြစ်ကြောင်း၊ ကုန်ထုတ်လုပ်မှုများကို ဆောင်ရွက်ရာတွင် မြေပေါ်မြေအောက်နှင့် ရေအောက်ကုန်ကြမ်းများမှ ထုတ်လုပ်ခြင်းဖြစ်ကြောင်း၊ မြေပေါ်ကုန်ကြမ်းများဖြစ်သည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းသည် သေချာသည့်ကုန်ထုတ်လုပ်ငန်းများပင် ဖြစ်ကြောင်း၊

ပအိုဝ်းဒေသတွင် စပါးစိုက်ပျိုးရာ၌ တစ်ဧကချင်း အထွက်နှုန်းမှာ (၆၇)တင်းခန့်သာ ဖြစ်သည်ကို တွေ့ရှိရကြောင်း၊ တစ်ဧကချင်း အထွက်နှုန်းကို ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ပိုမိုစိုက်ပျိုးနိုင်မည်ဆိုပါက ဒေသအတွက် များစွာအကျိုးရှိနိုင်မည်ဖြစ်ကြောင်း၊ အလားတူ အခြားသီးနှံများကို လည်း ပန်းတိုင်ရည်မှန်းချက်ပြည့်မီအောင် စိုက်ပျိုးထုတ်လုပ်နိုင်ရန်လိုကြောင်း၊ ထို့ကြောင့် ပအိုဝ်းဒေသ၌ တစ်ဧကချင်း အထွက်နှုန်းများ တိုးတက်ရေးဆောင်ရွက်ရာတွင် အထွက်နှုန်းကောင်းမွန်သည့်မျိုးများ အသုံးပြုခြင်း၊ မြေကို ကောင်းမွန်အောင် ပြုပြင်ခြင်းနှင့် မြေသြဇာများ သုံးစွဲခြင်း၊ အောင်ရေများ ပြည့်ဝစွာရရှိအောင်ဆောင်ရွက်ခြင်းနှင့် နည်းစနစ်တကျ စိုက်ပျိုးခြင်းများကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးမြေများကိုလည်း ထိရောက်စွာ အသုံးချရန်လိုကြောင်း၊ ယာစိုက်ပျိုးမှုများကို အားထားလွန်းပါက ရေများခမ်းခြောက်လာနိုင်သဖြင့် စိုက်ပျိုးရေးလုပ်ငန်းကို ထိခိုက်လာနိုင်ကြောင်း၊ ကော်ဖီနှင့် လက်ဖက်များ စိုက်ပျိုးထုတ်လုပ်ရာတွင်လည်း အထွက်နှုန်းများ နည်းပါးနေသေးသည်ကို တွေ့ရှိရကြောင်း၊ စိုက်ပျိုးနည်းစနစ်များ မှန်ကန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက အထွက်နှုန်းများ ယခုထက်တိုးတက်လာမည်ဖြစ်ကြောင်း၊ ပအိုဝ်းဒေသအတွင်း၌ တိရစ္ဆာန်အစားအစာများ ထုတ်လုပ်နိုင်သည့် စိုက်ပျိုးရေးထွက်ကုန်များ ထွက်ရှိပြီးဖြစ်ကြောင်း၊ ထို့ကြောင့် ဒေသအတွင်း မွေးမြူရေးအစားအစာများ ထုတ်လုပ်နိုင်ရေးဆောင်ရွက်ပြီး မွေးမြူရေးလုပ်ငန်းများကို တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်နိုင်ကြောင်း၊ မွေးမြူရေးစားသောက်ကုန်များ ဈေးနှုန်းမြင့်မားရခြင်းမှာ ရောင်းလိုအားနှင့် ဝယ်လိုအားမမျှတခြင်း၊ ထုတ်လုပ်မှုကုန်ကျစရိတ်များ မြင့်မားခြင်းများကြောင့်ပင်ဖြစ်ကြောင်း၊ ပအိုဝ်းဒေသအတွင်း မွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်၍ ထုတ်ကုန်များကို ပိုမိုဈေးနှုန်းသက်သာစွာ ဖြန့်ဖြူးနိုင်ရေး ဆောင်ရွက်ကြစေလိုကြောင်း၊ လိုအပ်သည့် ကုန်ကြမ်းများနှင့် ပတ်သက်၍ ပအိုဝ်းဒေသအတွင်း အများအပြား ထုတ်လုပ်နိုင်ရေး တာဝန်ရှိသူများအနေဖြင့် ဆောင်ရွက်ပေးကြစေလိုကြောင်း၊ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများ အောင်မြင်ရေးအတွက် သွင်းအားစုများ လိုအပ်ကြောင်း၊ လိုအပ်သည့် သဘာဝမြေသြဇာများ ရရှိရေးအတွက် မွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိသည့်ဇီဝမြေသြဇာများကို အသုံးပြုနိုင်မည်ဖြစ်ကြောင်း၊ စက်သုံးဆီသုံးစွဲ၍ လျှပ်စစ်ဓာတ်အား သုံးစွဲခြင်းထက် ရေအားလျှပ်စစ်ကို ထုတ်ယူသုံးစွဲကြစေလိုကြောင်း၊ ရှမ်းပြည်နယ်အတွင်း လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးစီမံကိန်းများကို ဆောင်ရွက်လျက်ရှိပြီး အကြောင်းအမျိုးမျိုးကြောင့် နှောင့်နှေးကြန့်ကြာမှုများ ရှိခဲ့ကြောင်း၊ လျှပ်စစ်ဓာတ်အား ရရှိမှသာ ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို

ပိုမိုဆောင်ရွက်နိုင်မည် ဖြစ်ကြောင်း၊ အလားတူ သယ်ယူပို့ဆောင်ရေး လုပ်ငန်းများတွင်လည်း လျှပ်စစ်ဓာတ်အား အသုံးပြု၍ ဆောင်ရွက်နိုင်ကြောင်း၊ ထို့ကြောင့် ပအိုဝ်းဒေသအတွင်း လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်ရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ သွင်းအားစုတွင် ပါဝင်သည့် တမာပိုးသတ်ဆေး ထုတ်လုပ်နိုင်ရေးအတွက်လည်း နိုင်ငံတော်မှ တွန်းအားပေး ဆောင်ရွက်လျှက်ရှိကြောင်း၊ လုပ်ငန်းဆောင်ရွက်ရန် လိုအပ်သည့် အရင်းအနှီး များကိုလည်း သတ်မှတ်ထားသည့် ဘဏ္ဍာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ စည်းကမ်း ဥပဒေများနှင့်အညီ နိုင်ငံတော်က ထုတ်ချေးပေးလျှက်ရှိကြောင်း၊ တစ်ပိုင်တစ်နိုင် ကုန်ထုတ် လုပ်မှု လုပ်ငန်းများအတွက် ရင်းနှီးမြှုပ်နှံမှု ချေးငွေများကို ဦးစားပေးထုတ်ပေးလျှက်ရှိကြောင်း၊ ကုန်ထုတ်လုပ်မှု လုပ်ငန်းများကို ဆောင်ရွက်ရာတွင် ပစ္စည်းချင်းတူပါက ဈေးသက်သာရမည်။ ဈေးနှုန်းချင်းတူပါက ပစ္စည်းအရည်အသွေး ပိုမိုကောင်းမွန်ရမည် ဖြစ်ကြောင်း၊ ကုန်ထုတ်လုပ်မှု လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် လူသားအရင်းအမြစ်ကောင်းများ လိုအပ်ကြောင်း၊ ပညာသင်နှစ်အလိုက် ပညာသင်ကြားသည့် ကျောင်းသားဦးရေများ နည်းပါးလာသည်ကို တွေ့ရ ကြောင်း၊ မိမိတို့နိုင်ငံတွင် ပညာရေးနှင့်ပတ်သက်၍ အားနည်းမှုများ ရှိနေသေးကြောင်း၊ အတန်းပညာ အားနည်းခြင်းကြောင့် အတတ်ပညာများ အားနည်းခြင်း ဖြစ်ကြောင်း၊ ထို့ကြောင့် အသက်မွေးဝမ်း ကျောင်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အခက်အခဲများ ရှိကြောင်း၊ ယခုအခါ ခရိုင်(၅၀)ရှိ အထက်တန်းကျောင်း (၅၁)ကျောင်းတွင် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး သင်တန်းများကို သင်ကြား နိုင်ရေး ဖွင့်လှစ်လျှက် ရှိကြောင်း၊ ထိုမှတစ်ဆင့် ထူးချွန်သည့် ကျောင်းသားကျောင်းသူများကို သက်ဆိုင်ရာ ပညာရပ်များအလိုက် အဆင့်မြင့်ပညာရပ်များကို ဆက်လက်သင်ကြားနိုင်မည် ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းဖြင့် စိုက်ပျိုးမွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများအတွက် လူသားအရင်းအမြစ်များ ကြွယ်ဝလာမည် ဖြစ်သဖြင့် ပညာရည်တိုးတက်စေရေး ဒေသအလိုက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ ပအိုဝ်းဒေသတိုးတက်ရေးအတွက် ပညာရေးကို အားပေးကြစေလိုကြောင်း၊ MSME လုပ်ငန်း များကို အားပေးဆောင်ရွက်ခြင်းမှာ ကုန်ထုတ်လုပ်မှုများ တိုးတက်ရေး သွင်းကုန်အစားထိုး နိုင်ရေးနှင့် ပြည်ပသို့ ကုန်ပစ္စည်းများတင်ပို့နိုင်ရေး ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ နိုင်ငံ အတွင်း၌ ထုတ်ကုန်များ ပြည့်မီအောင် ထုတ်လုပ်နိုင်မည်ဆိုပါက ပြည်ပမှတင်သွင်းနေရမှု များကို လျှော့ချနိုင်မည် ဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများအတွက် လိုအပ်သည်များကို နိုင်ငံတော်က ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ပအိုဝ်းဒေသတွင် စိုက်ပျိုးရေး လုပ်ငန်းများကို အောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက်နိုင်သည့်မြေများ ပေါ်များစွာ ရှိကြောင်း၊

စိုက်ပျိုးရေးလုပ်ငန်းများကို အောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက်နိုင်ရန်အတွက် စိုက်ပျိုးရေးနှင့်ပတ်သက်၍ သုတေသနလုပ်ငန်းများ ဆောင်ရွက်ပြီး အထွက်ကောင်းအောင် ဆောင်ရွက်ကြစေလိုကြောင်း၊ ခရီးသွားလုပ်ငန်းနှင့်ပတ်သက်၍လည်း ပအိုဝ်းဒေသသည် အခြေခံကောင်းများ ပိုင်ဆိုင်ထားပြီးဖြစ်ကြောင်း၊ ထို့ကြောင့် ဒေသသို့ လာရောက်လည်ပတ်သူများ များပြားလာစေရေး၊ ဒေသ၏ သန့်ရှင်းသာယာလှပရေး၊ မျက်စိပသာဒ ဖြစ်စေရေးတို့အတွက် ဒေသခံများက ဝိုင်းဝန်းဆောင်ရွက်ကြရန်လိုကြောင်း၊ မိမိတို့အနေဖြင့် ပအိုဝ်းဒေသတွင် လုပ်ဆောင်လျှက်ရှိသည့် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် လာရောက်ခြင်းဖြစ်ကြောင်း၊ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအားဖြင့် အလုပ်လုပ်ရန်ဖြစ်ကြောင်း၊ အလုပ်လုပ်ရန်အတွက် လူသာလျှင် ပဓာနဖြစ်ကြောင်း၊ ထို့ကြောင့် ပအိုဝ်းဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသအတွင်း နေထိုင်ကြသူများအနေဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားခဲ့ပါသည်။

**MSME ထုတ်ကုန်များအားခင်းကျင်းပြသမှုအခြေအနေ**

၉။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်တွေ့ဆုံဆွေးနွေးပွဲအခမ်းအနားအစီအစဉ် နေ့လယ်(၁၆:၃၀) နာရီအချိန်တွင် ပြီးမြောက်ခဲ့ပြီး MSME လုပ်ငန်းရှင်များ၏ ဒေသထုတ်ကုန်များ ခင်းကျင်းပြသထားရှိမှုကို လှည့်လည်ကြည့်ရှုအားပေးခဲ့ပါသည်။ ရှမ်းပြည်နယ်၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ MSME လုပ်ငန်းရှင်များ၏ ဒေသထုတ်စားသောက်ကုန်များ၊ လူသုံးကုန်ပစ္စည်းများ၊ စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းသုံးပစ္စည်းများ စုစုပေါင်း(၆၇)မျိုးကို ခင်းကျင်းပြသထားသော ပြခန်း(၁၇)ခန်းအား လှည့်လည်ကြည့်ရှုအားပေး၍ နေ့လယ် (၁၇:၃၀) နာရီအချိန်တွင် အစီအစဉ် အားလုံးပြီးဆုံးခဲ့ပါသည်။ ဆွေးနွေးပွဲအခမ်းအနား၊ လှည့်လည်အားပေး ကြည့်ရှုခြင်းနှင့် ဒေသထုတ်ကုန်ပစ္စည်းများ ခင်းကျင်းပြသထားမှု မှတ်တမ်းဓာတ်ပုံများအား **နောက်ဆက်တွဲ (ဃ)** ဖြင့် တင်ပြအပ်ပါသည်။

**နိဂုံး**

၁၀။ ရှမ်းပြည်နယ်၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ MSME လုပ်ငန်းများ ရေရှည်ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ၎င်းတို့လိုအပ်နေသည့် သတ္တုတူးဖော်လုပ်ကိုင်ခွင့်များ၊ ဈေးကွက်ရရှိရေး၊ အတိုးနှုန်းသက်သာသော ချေးငွေရရှိစေရေး၊ နည်းပညာရရှိရေး၊ လျှပ်စစ်ဓာတ်အား၊ ငရုတ်သီး မျိုးကောင်းမျိုးသန့်ရရှိရေး ဒေသဖွံ့ဖြိုးရေးဆိုင်ရာ နမ့်တဘက်

ချောင်း ရေစီးရေလာကောင်းမွန်စေရေး၊ လမ်းညွှန်မှာကြားချက်များအား အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ပံ့ပိုးကူညီဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန

နောက်ဆက်တွဲ(က)

**ဟိုပုံးမြို့၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ ရုံးခန်းမ ၌ ကျင်းပပြုလုပ်သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်**

**ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ အသေးစား၊ အငယ်စား နှင့် အလတ်စား စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံပွဲအခမ်းအနား အစီအစဉ်**

အစီအစဉ်(၁) အခမ်းအနားစတင်ဖွင့်လှစ်ကြောင်းကြေညာခြင်း။

အစီအစဉ်(၂) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးခွန်ရဲထွေးက နယ်မြေဒေသအခြေအနေများအား ရှင်းလင်းတင်ပြခြင်း။

အစီအစဉ်(၃) ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေးက ရှမ်းပြည်နယ် အတွင်း အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မှု အခြေအနေ တင်ပြခြင်း။

အစီအစဉ်(၄) တက်ရောက်လာသည့် လုပ်ငန်းရှင်များမှ တင်ပြခြင်း-

(က) ဟိုပုံးမြို့နယ်၊ ဆန်စက်လုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးချစ်လွင် က တင်ပြဆွေးနွေးခြင်း။

(ခ) နောင်ခမ်းကော်ဖီအစုအဖွဲ့ လုပ်ငန်းရှင် ဒေါ်နန်းခမ်းနိုးက တင်ပြဆွေးနွေးခြင်း

(ဂ) ရွှေအောင်မြေ ပင်မှည့်သီးနှံအစုအဖွဲ့ လုပ်ငန်းရှင် ဦးအောင်ဌေးဦးက တင်ပြဆွေးနွေးခြင်း။

(ဃ) မြစိမ်းရောင် လက်ဖက်ခြောက်နှင့် လက်ဖက်ဝိုင်လုပ်ငန်း တာဝန်ခံ ဦးအောင်သူက ဆွေးနွေးတင်ပြခြင်း။

(င) နောင်တရားအာလူးစိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေး လုပ်ငန်း သမဝါယမအသင်းဥက္ကဋ္ဌ ဦးခွန်ဆန်းဦးက ဆွေးနွေး တင်ပြခြင်း။

အစီအစဉ်(၅) အထွေထွေဆွေးနွေးတင်ပြခြင်း။

အစီအစဉ်(၆) တင်ပြဆွေးနွေးချက်များအပေါ် ပြည်ထောင်စုဝန်ကြီးများနှင့် ရှမ်းပြည်နယ် အစိုးရအဖွဲ့ ဝန်ကြီးချုပ်မှ ပြန်လည်ဆွေးနွေးတင်ပြခြင်း။

အစီအစဉ်(၇) နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က ဆွေးနွေး အမှာစကားပြောကြားခြင်း။

အစီအစဉ်(၈) အခမ်းအနားပြီးမြောက်ကြောင်း ကြေညာခြင်း။

အစီအစဉ်(၉) အသေးစား၊ အငယ်စားနှင့် အလတ်စားပြခန်းများအား လှည့်လည် ကြည့်ရှုခြင်း။

နောက်ဆက်တွဲ(ခ)

(၂၉.၅.၂၀၂၃)ရက်နေ့၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဟိုပုံးမြို့၌ ကျင်းပခဲ့သော နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ MSMEs လုပ်ငန်းရှင်များနှင့် တွေ့ဆုံပွဲ ခရီးစဉ်တွင် တင်ပြခဲ့ကြသည့် လုပ်ငန်းရှင်များ၏ လိုအပ်ချက်/အခက်အခဲများ

ရှမ်းပြည်နယ်စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန ရက်စွဲ၊ ၁.၆.၂၀၂၃

| စဉ် | အမည် | လုပ်ငန်းအမည် | တင်ပြချက် |
|---|---|---|---|
| ၁ | ဦးချစ်လွင်<br>ဒုတိယဥက္ကဌ | ဟိုပုံးမြို့နယ်ဆန်စက်လုပ်ငန်းရှင်များ<br>အသင်း | - နမ့်တဘက်ချောင်း ရေစီးရေလာ ကောင်းမွန်စေရေး အတွက် ဆောင်ရွက် ပေးနိုင်ပါရန် |
| ၂ | ဒေါ်နန်းခမ်းနိုး<br>လုပ်ငန်းရှင် | နောင်ခမ်းကော်ဖီအစုအဖွဲ့<br>ဆီဆိုင်မြို့နယ် | - အထူးတန်းဝင် ကော်ဖီ (၁၀)တန် ထုတ်လုပ်ရန်အတွက် နိုင်ငံ့ စီးပွား မြှင့်တင်ရေး ရန်ပုံငွေမှ ရရှိထားသည့် ကျပ်သိန်း(၁၅၀၀) ကို စက်ပစ္စည်းများ ဝယ်ယူထားပြီး စက်ရုံအဆောက်အဦ အတွက် လိုအပ်သည့် ချေးငွေ ကျပ်သိန်း(၁၀၀၀) ထပ်မံ ထုတ်ချေးပေးနိုင်ပါရန် |
| ၃ | ဦးအောင်ငွေးဦး<br>လုပ်ငန်းရှင် | " ရွှေအောင်မြေ" ပင်မှည့်သီးနှံ<br>အစုအဖွဲ့<br>ဆီဆိုင်မြို့နယ် | - ဧက(၁၀၀) တိုးချဲ့စိုက်ပျိုးလိုသည့်အတွက် ပင်မှည့်သီးနှံ စိုက်ပျိုးတောင်သူ အစုအဖွဲ့များသို့ လိုအပ်သည့် ရင်းနှီးငွေများ ချေးပေးပါရန် |

| စဉ် | အမည် | လုပ်ငန်းအမည် | တင်ပြချက် |
|---|---|---|---|
| ၄ | ဦးအောင်သူ<br>တာဝန်ခံ | “ Emerald Leaf” လက်ဖက်ခြောက်နှင့်<br>လက်ဖက်ဝိုင်လုပ်ငန်း<br>ပင်လောင်းမြို့နယ် | - လျှပ်စစ်မီးရရှိရေးနှင့် လုပ်ငန်းတိုးချဲ့ လုပ်ကိုင်နိုင်ရန်အတွက် ရင်းနှီးမြှုပ်နှံမှု ငွေကြေးအရင်းအနှီး ကျပ်သိန်း (၂၄၀၀) အား နိုင်ငံတော်အနေဖြင့် ကူညီ ဆောင်ရွက်ပေးပါရန် |
| ၅ | ဦးခွန်ဆန်းဦး<br>ဥက္ကဋ္ဌ | “ နောင်တရား” အာလူးစိုက်ပျိုးရေးနှင့်<br>အထွေထွေစီးပွားရေးလုပ်ငန်း<br>သမဝါယမအသင်းလီမိတက် | - တန်(၂၀၀၀) ဆံ့ အာလူးအအေးခန်း ထပ်မံဆောက်လုပ်ရန် မြေနေရာရှိပြီး ကုန်ကြမ်းဝယ်ယူရန်နှင့် စက်ရုံဆောက်လုပ်ရန် အတွက် အတိုးနည်းသော ချေးငွေအား နိုင်ငံတော်အနေဖြင့် ကူညီ ဆောင်ရွက်ပေးပါရန် |
| ၆ | ဦးကျော်ကိုထိုက် | “ ရွှေမိုင်းစိတ်” ဂျစ်ပ်ဆမ် မြေဩဇာ<br>လုပ်ငန်း<br>ဆီဆိုင်မြို့နယ် | - စိုက်ပျိုးရေးလုပ်ငန်းအတွက် သွင်းအားစုဖြစ်သော မြေဩဇာအား ပြည်တွင်း၌ ထုတ်လုပ်နိုင်ရန်အတွက် ကုန်ကြမ်းဖြစ်သော ဂေါဒန်ကျောက်ထုတ်လုပ်ခြင်း အတွက် ယခင်လျှောက်ထားခဲ့သည့် လင်းခေးခရိုင်၊ မောက်မယ်မြို့နယ်၊ နမ့်လွတ်ကျေးရွာရှိ ဂေါဒန်သတ္တုမိုင်း (၁၉.၇)ကေလုပ်ကွက် အား ပြန်လည်လုပ်ကိုင်ခွင့်ပြုပါရန် |
| ၇ | ဦးမျိုးမင်းထိုက် | Dragon Cement | - တန်(၅၀၀၀) ဘိလပ်မြေစက်ရုံ (Dry Process) ကို အမြန်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သော စီမံကိန်းချေး |

| စဉ် | အမည် | လုပ်ငန်းအမည် | တင်ပြချက် |
| --- | --- | --- | --- |
| | တာဝန်ခံ | ပင်လောင်းမြို့နယ်၊ မြင်းတွင်းကျေးရွာ | ငွေ နိုင်ငံခြားငွေ အမေရိကန်ဒေါ်လာ သန်း(၂၆၀) အား လိုအပ်သလို လမ်းညွှန်မှုပြု ပေးနိုင်ရန် |
| ၈ | ဦးစိုင်းစံထူး<br>အုပ်ချုပ်ရေးမှူး | လျှပ်စစ်မီးလင်းရေး ကော်မတီ<br>ဆီဆိုင်မြို့နယ် ၊ ဘန်းယဉ်ကျေးရွာအုပ်စု၊ | - ကျေးရွာမီးလင်းရေးအတွက် မိမိတို့အစီအစဉ်ဖြင့် ၂၀၁၆ ခုနှစ်မှ စတင်၍ ဆောင်ရွက်ခဲ့ရာ နိုင်ငံတော်သို့ လစဉ် ကျပ်သိန်း(၁၅)မှ (၂၀)သိန်းအထိ စိုက်ထုတ်၍ ဝန်ဆောင်ခ ပေးနေရသဖြင့် ဘန်းယဉ် ကျေးရွာအုပ်စုအတွက် မြန်မာ့လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေးလုပ်ငန်း၏ လျှပ်စစ်မီတာ ရယူလိုပါကြောင်း |
| ၉ | ဦးအောင်နိုင်<br>ဥက္ကဋ္ဌ | တန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်ငန်း၊<br>နာနတ်သီး အစုအဖွဲ့<br>ဆီဆိုင်မြို့နယ် | - နာနတ်အစုအဖွဲ့ အနေဖြင့် တစ်နှစ်လျှင် ထွက်ရှိနာနတ်သီး အလုံးရေ (၅၀)သိန်းခန့်အား တစ်ဝက်ကို ဈေးကွက်သို့ တင်ပို့ ရောင်းချပြီး တစ်ဝက်ကို နာနတ်ယို ထုတ်လုပ်ရန်အတွက် စက်ရုံတည်ထောင်နေသည်မှာ (၈၀%) ပြီးစီးနေပြီဖြစ်ပြီး၊ စက်ရုံ အတွက် ထပ်မံလိုအပ်သော ကျပ်သန်း(၅၀၀)အား ချေးငွေ သက်တမ်းတိုး၍ ချေးပေးပါရန် |
| ၁၀ | ဒေါ်နန်းနုနုရီ | “ ပအိုဝ်းမ ” ပဲပုပ်မှုန့် လုပ်ငန်း<br>ဟိုပုံးမြို့နယ် | - ရေတ်သီး မျိုးကောင်းမျိုးသန့်ရရှိရေးနှင့် စိုက်ပျိုးမှုနည်းပညာများ လိုအပ်သည်ကို ကူညီဆောင်ရွက်ပေးနိုင်ပါရန် |

| စဉ် | အမည် | လုပ်ငန်းအမည် | တင်ပြချက် |
|---|---|---|---|
| ၁၁ | ဦးချစ်တင် | Green Gold ကော်ဖီစိုက်ပျိုးသမဝါယမအသင်းလီမိတက်<br>ဟိုပုံးမြို့နယ် | - ကော်ဖီစက်ရုံအတွက် လျှပ်စစ်မီး (315 KVA) လိုအပ်ချက်အား ကူညီဆောင်ရွက်ပေးပါရန် |

# လုပ်ငန်းရှင်များ၏ ဆွေးနွေးမေးမြန်းချက်များအပေါ် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးများမှ ပြန်လည် ရှင်းလင်းဆွေးနွေးချက်များ

## စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်

၁။ လေးစားအပ်ပါသော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် တက်ရောက်လာကြတဲ့ ပုဂ္ဂိုလ်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါကြောင်း၊ ကျွန်တော်ကတော့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးဝင်းရှိန် ဖြစ်ပါကြောင်း၊ MSME ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်ဝန်ကြီးချုပ် တွေ့ဆုံပွဲများ ကျင်းပခဲ့ရာ ယခုအကြိမ်ထိ (၂၁)ကြိမ်ရှိပြီ ဖြစ်ပါကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ၏ လမ်းညွှန်ချက်နှင့်အညီ အခြေခံကျကျ စဉ်းစားဆောင်ရွက်ပေးလျှက် ရှိပြီး ပြန်လည်ထူထောင်ရေးများကို လုပ်ဆောင်ပေးခဲ့ပါကြောင်း၊ ပြည်နယ်/တိုင်းဒေသကြီး များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသ (၆)ခု အပါအဝင် (၄၅၂) ဘီလီယံကို ထူထောင် ပေးခဲ့သလို၊ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများအတွက် (၁၅၂) ဘီလီယံ ထူထောင်ပေးခဲ့ပါ ကြောင်း၊ နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်(၄) ရပ်အတိုင်း ဆောင်ရွက်လျှက်ရှိပါကြောင်း၊ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေရဲ့ရည်ရွယ်ချက်မှာ အရင်းမပျောက်စေရန်နှင့် ချေးငွေဆုံးရှုံးမှု မရှိစေရန်၊ လုပ်ငန်းငယ်များ စီးပွားရေး စတင်နိုင်ရန် ဦးစားပေးထုတ်ချေးပေးခဲ့ပါကြောင်း၊ ပအိုဝ်းဒေသတွင် စိုက်ပျိုးရေး(၁၂)ဖွဲ့၊ မွေးမြူရေး (၂)ဖွဲ့နှင့် ကုန်ထုတ်အဖွဲ့ (၁၀)ဖွဲ့ အတွက် (၄၇၀၀) ကျပ်သန်းကျော်ကို ထုတ်ချေးပေးနိုင်ခဲ့ပါကြောင်း၊ မြန်မာ့စီးပွားရေးဘဏ်မှလည်း အများဆုံးချေးငွေသက်တမ်း(၃)နှစ်ထိ ချေးပေးနေပါကြောင်း၊ လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက် စေရေးအတွက် ရင်းနှီးငွေများ ရရှိစေရန် မြန်မာ့စီးပွားရေးဘဏ်နှင့် ချိတ်ဆက်စေလို ပါကြောင်း၊ JICA Two Step Loan ကို ဘဏ်များမှ သတ်မှတ်ချက်များနှင့် အညီ အတိုး နှုန်းသက်သာစွာဖြင့် ထုတ်ချေးပေးနေပြီဖြစ်ပါကြောင်း၊ အာမခံအနေဖြင့် အပေါင်ပေးရမှာ ဖြစ်ပါကြောင်း၊ MSME ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရန်ပုံငွေတစ်ရပ်ကို ထူထောင်ပြီး ဖြစ်ပါကြောင်း၊ ချေးငွေကျပ် (၁၅၀) ဘီလီယံ ရှိပြီး အတိုးနှုန်းမှာ (၆.၅%) ဖြစ်ပါကြောင်း၊ ဒါ့ကြောင့် သက်ဆိုင်ရာ ဌာနများမှာ မှတ်ပုံတင်/ လုပ်ငန်းလိုင်စင်များ ပြုလုပ်ထားပါ၊ MSME အသင်းဝင်ကတ်များလဲ လုပ်ထားကြစေလိုပါကြောင်း ဆွေးနွေးတင်ပြခဲ့ပါသည်။

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်

၂။ နမ့်တစ်ဘက်ချောင်း ရေကြီးရေလျှံ တင်ပြချက်နဲ့ပတ်သက်ပြီး ဆည်မြောင်းက ကွင်းဆင်း စစ်ဆေးပေးပါမယ်၊ နိုင်ငံတော်ဝန်ကြီးချုပ်ကြီး သုံးသပ်သလို ချောင်းဘေးတွင် စိုက်ပျိုးမြေများ လာလို့ နုန်းမြေ ပိတ်တာလဲ ဖြစ်နိုင်ပါကြောင်း၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့နှင့် ဒေသဦးစီးအဖွဲ့၏ လမ်းညွှန်မှုနဲ့ကွင်းဆင်းပြီး လိုအပ်တာတွေ စီစဉ်ဆောင်ရွက်မှုလုပ်ပါမယ်၊ စိုက်ပျိုးမှုနည်းပညာနဲ့ ပတ်သက်ပြီးလဲ မြို့နယ်အလိုက် သီးနှံစိုက်ပျိုးမှု နည်းပညာတွေ ဆောင်ရွက်ပေးပါတယ်၊ အကြံပြုတင်ပြလိုတာကတော့ သဘာဝမြေဩဇာ ထုတ်လုပ်တဲ့ လုပ်ငန်းတွေအနေနဲ့ ထုတ်လုပ်မှု/ တင်သွင်း မှုတွေ ပြုလုပ်တဲ့အခါမှာ ဓါတ်ခွဲခန်းတွေမှာ အားလုံးစမ်းသပ်ပြီး ခွင့်ပြုချက်ရမှသာ တင်ပို့ရောင်းချနိုင်မှာဖြစ်ပါတယ်။မြန်မာနိုင်ငံ မြေဩဇာ ကော်မတီမှ ခွင့်ပြုမိန့် လိုအပ်ပါမယ်။ ကျွန်တော်တို့ ဌာနအနေနဲ့ သက်ဆိုင်ရာ ခရိုင်/မြို့နယ် တွေမှာ မျိုးကောင်းမျိုးသန့်ရရှိရေး ၊ နည်းပညာရရှိရေးတို့ကို သင်တန်းပေးဆောင်ရွက်လျှက် ရှိပါကြောင်း၊ အကြံဉာဏ်ကောင်းတွေကို လိုအပ်လျှင် တောင်း၍ရပါကြောင်း တင်ပြဆွေးနွေး ခဲ့ပါသည်။

## သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး

၃။ ကျွန်တော်တို့ ဌာနမှာ အသေးစားစက်မှုလက်မှုလုပ်ငန်းလေးတွေကို မှတ်ပုံတင် ပေးနေတဲ့ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနဆိုတာ ရှိပါကြောင်း၊ သင်တန်းတွေ အနေနဲ့ ရက်ကန်းသင်တန်း၊ ဂျပ်ခုတ်သင်တန်းတွေအပြင် ကော်ဖီစိုက်ပျိုးတောင်သူများ အတွက် သင်တန်းတွေလဲ ပေးနေပါကြောင်း၊ သီးနှံအခွံချွတ်စက်၊ ကြိတ်ခွဲစက်များမှာ တရုတ် နိုင်ငံထုတ်စက်တွေဆိုရင် (၅) သိန်းကျော်တန်ဖိုးကို ဝယ်ယူပေးနေတာ ဖြစ်ပါကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးအနေနဲ့လဲ မြစိမ်းရောင်စီမံကိန်း များရှိပါကြောင်း၊ မြစိမ်းရောင် စီမံကိန်းချေးငွေများကိုလဲ ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ပေးလျှက်ရှိပါကြောင်း တင်ပြ ဆွေးနွေးခဲ့ပါသည်။

**သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ**

၄။ ဦးကျော်ကိုထိုက်ရဲ့ ဂေါဒန်ကျောက်ထုတ်လုပ်ခွင့် တင်ပြချက်နဲ့ ပတ်သက်၍ ၂၀၁၅ ခုနှစ်တွင် စက်မှု-၂ ကခွင့်ပြုပေးခဲ့ပြီး ယင်းနောက် ကုမ္ပဏီကို လွှဲပြောင်းပေးခဲ့ပြီး၊ လုပ်ကွက်ဆောင်ရွက်မှု အတွင်း လူသေမှုများရှိခဲ့သဖြင့် ၂၀၁၉ ခုနှစ်တွင် လုပ်ငန်းပိတ်သိမ်း၍ နိုင်ငံတော်သို့ ပြန်လည်အပ်နှံခဲ့ပါကြောင်း၊ ရှမ်းပြည်နယ်အတွင်း မြေလွတ်မြေရိုင်းမှာ (၁၉.၁၈) ကေကျန်ရှိနေသေးပါကြောင်း၊ ပြည်နယ်အစိုးရအဖွဲ့၏ သဘောထားမှတ်ချက်ဖြင့် လျှောက်ထားသင့်ပါကြောင်း၊ ဟိုပုံးမြို့နယ် သစ်တောဖုံးလွှမ်းမှု ရာခိုင်နှုန်းမှာ ယခင်ကထက် တိုးတက်လာသည်ကို တွေ့ရှိရပါကြောင်း၊ ကျွန်းပြင်ကာကွယ်တောများ ဆက်လက်တိုးချဲ့နိုင်ရေး ဆောင်ရွက်လျှက်ရှိပါကြောင်း၊ မဲနယ်တောင်ဒေသမှာ (၁၂၀၆၉၀) ကေရှိပြီး သစ်တောဖုံးလွှမ်းမှုမှာ (၈၀%) ရှိပါကြောင်း၊ ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ သစ်တောများ တည်တံ့အောင် ထိန်းသိမ်းဆောင်ရွက်သွားမှာ ဖြစ်ပါကြောင်း ဆွေးနွေးပြောကြားခဲ့ပါသည်။

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး**

၅။ လျှပ်စစ်မီး လိုအပ်ချက်တွေနဲ့ ပတ်သက်ပြီး ဇွန်လ နောက်ပိုင်းတွင် ရေပြည့်ဝစွာ ရရှိပြီဖြစ်တဲ့အတွက် လျှပ်စစ်မီး ပုံမှန်ရရှိလာတော့မှာ ဖြစ်ပါကြောင်း၊ ရှမ်းပြည်နယ်ဟာ ရေအရင်းအမြစ်ပေါများတဲ့ ဒေသဖြစ်သည့်အတွက် (၂၃၀) မဂ္ဂါဝပ် အထိ ရရှိနိုင်မှာ ဖြစ်ပါကြောင်း၊ ဦးစိုင်းစံထူး တင်ပြတဲ့ မြန်မာ့လျှပ်စစ်ဓါတ်အား ဖြန့်ဖြူးရေးလုပ်ငန်းမှ လျှပ်စစ်မီးတာ ရရှိရေးကိုလဲ ဆောင်ရွက်ပေးမှာ ဖြစ်ပါကြောင်း၊ ဦးချစ်တင် တင်ပြတဲ့ ကော်ဖီစက်ရုံအတွက် လိုအပ်တဲ့ လျှပ်စစ်မီး (315 KVA) လိုအပ်ချက်ကိုလဲ ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါကြောင်း ဆွေးနွေးပြောကြားခဲ့ပါသည်။

**စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း**

၆။ ကျွန်တော်ကတော့ စက်မှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ဖြစ်ပါ ကြောင်း၊ ယနေ့ ရှမ်းပြည်နယ်မှာ ကျင်းပပြုလုပ်တဲ့ အသေးစား၊ အငယ်စားနှင့် အလတ်စား လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးပွဲမှာ ကျွန်တော့်အနေနဲ့ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သိရှိဆောင်ရွက်နိုင်ရန် ကိစ္စရပ်များကို ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါကြောင်း၊ MSME ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က

ဒေသအသီး သီးမှာရှိတဲ့ MSME လုပ်ငန်းရှင် များနဲ့ တွေ့ဆုံပွဲများကို နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်/ ခရိုင်များမှာ (၂၀)ကြိမ်တိုင်တိုင် ကျင်းပပြုလုပ်ခဲ့ပြီး ဖြစ်ပါကြောင်း။ ဒီခရီးစဉ်များအတွင်း လမ်းညွှန်မှာကြားချက် များနဲ့ပတ်သတ်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီရုံးရဲ့ ထုတ်ပြန်ချက်များအနက် MSME ဆိုင်ရာ လမ်းညွှန်မှာကြား ချက်များ စုစုပေါင်း(၁၉၀) ချက်ရှိပါကြောင်း၊ အဆိုပါ တွေ့ဆုံ ဆွေးနွေးပွဲများမှာ MSME လုပ်ငန်းရှင် များမှ တင်ပြချက်များအနေဖြင့် နည်းပညာ၊ ငွေကြေး၊ ဈေးကွက်၊ မြေနေရာ၊ ကုန်ကြမ်း၊ စက်ပစ္စည်း နှင့် အခြားစတဲ့ ကဏ္ဍ(၇)ခုမှာ တင်ပြချက် စုစုပေါင်း (၂၃၃) ချက် စိစစ် တွေ့ရှိရပါကြောင်း၊ အဆိုပါ အချက်များအနက် ကျွန်တော်တို့အနေနဲ့ စက်မှုဝန်ကြီးဌာနနဲ့ သက်ဆိုင်တဲ့ အချက်တွေကို တတ်စွမ်းသမျှ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပြီး အခြားကဏ္ဍ တွေအတွက် ဖြည့်ဆည်းပေးနိုင်ဖို့ကိုလည်း သက်ဆိုင်တဲ့ဝန်ကြီးဌာန/ အဖွဲ့အစည်းတွေနဲ့ ချိတ်ဆက်ဆောင်ရွက် ပေးလျက်ရှိပါကြောင်း၊ အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး MSME ဗဟိုကော်မတီနဲ့ လုပ်ငန်းကော်မတီတို့ကို ဖွဲ့စည်းပြီးဖြစ်သလို ရှမ်းပြည်နယ်အပါအဝင် တိုင်းဒေသကြီး/ ပြည်နယ် အသီးသီးမှာ ဒေသဆိုင်ရာ MSME ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီများ ဖွဲ့စည်းထားရှိပြီး ဖြစ်ပါကြောင်း၊ ဗဟိုကော်မတီ လုပ်ငန်းကော်မတီနှင့် အေဂျင်စီအစည်းအဝေးများ ပြုလုပ်ခဲ့ပြီး ဆုံးဖြတ်ချက် များ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ လက်ရှိမှာ MSME Member Card များ ထုတ်ပေးလျက်ရှိပြီး လာမည့်ဘဏ္ဍာနှစ်မှာ မှတ်ပုံတင် ထုတ်ပေး နိုင်ရေး စီစဉ် ဆောင်ရွက်လျက် ရှိပါကြောင်း။ ဝန်ကြီးဌာနအနေနဲ့ ခေတ်စနစ်နှင့်အညီ e-Government စနစ်ကို ပီပီပြင်ပြင် အကောင် အထည်ဖော်နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိပြီး အသေးစား၊ အငယ်စား နှင့် အလတ်စားစီးပွားရေးလုပ်ငန်းရှင်များ သတင်းအချက်အလက် လွယ်ကူ မြန်ဆန်စွာ ရရှိနိုင်ရန် MSME Webportal (www.msmewebportal.gov.mm) တွင် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး လုပ်ငန်းရှင်များ သိသင့်သိထိုက်သည့် သတင်းအချက်အလက်များကို လွှင့်တင်ဆောင်ရွက်ပေးလျက် ရှိပါကြောင်း၊ ယနေ့တွေ့ဆုံပွဲမှာ MSME လုပ်ငန်းရှင်များရဲ့ တင်ပြချက်များနဲ့ စပ်လျဉ်း၍ ရှင်းလင်း ဖြေကြားသွားမှာ ဖြစ်ကြောင်း၊ နောင်တရား အာလူးအစုအဖွဲ့ က တင်ပြတဲ့ ဈေးကွက်ရရှိရေး၊ နာနတ်သီး တန်ဖိုးမြှင့်ထုတ်ကုန်လုပ်ငန်းမှ ဦးအောင်နိုင်၏ လုပ်ငန်းမှတ်ပုံတင်ရရှိရေးတို့ကို ဆောင်ရွက် ပေးသွားမှာ ဖြစ်ပါကြောင်း၊ နဂါးဘီလပ်မြေစက်ရုံ၏ Dry Process လုပ်ငန်းစဉ်အတွက်

စက်ရုံတည်ထောင်တဲ့ အခါမှာလဲ ဥပဒေနှင့်အညီ မှတ်ပုံတင်နိုင်ရေးကို ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါကြောင်း ရှင်းလင်းဆွေးနွေးခဲ့ပါသည်။

**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး**

၇။ ကျွန်တော်တို့ဌာနအနေဖြင့် တရုတ်နိုင်ငံနယ်စပ်ဖြတ်ကျော်ဂိတ်မှ ကောက်ပဲသီးနှံ( ထော ပတ်သီး၊ ၀ ဥ) တင်ပို့နိုင်မှုမှာ အမြန်ဆုံး ဖြစ်စေရေး တရုတ်နိုင်ငံမှ တာဝန်ရှိသူများနှင့် ညှိနှိုင်းထား ပြီး ဖြစ်ပါကြောင်း၊ နိုင်ငံတကာ ထုတ်ကုန်ကုန်စည်ပြပွဲများတွင် မြန်မာ MSME များ ပြသဖို့ကိုလဲ ကုန်သွယ်မှုမြှင့်တင်ရေးဌာန အနေနဲ့ ဆောင်ရွက်လျက် ရှိပါကြောင်း၊ တောင်ကြီးမြို့မှာ ကမ္ဘောဇ ကုန်သွယ်မှုဗဟိုဌာန ဖွင့်လှစ်ထားပါကြောင်းနှင့် ရှမ်းပြည်နယ်မှ လုပ်ငန်းရှင်များ ပါဝင်ပြသဖို့ ချိတ်ဆက်၍ ရပါကြောင်း၊ ဩဂုတ်လအတွင်း တရုတ်နိုင်ငံမှာ ကုန်စည်ပြပွဲလုပ်ဖို့ ရှိပါကြောင်း၊ ပြသလိုပါ က ကျွန်တော်တို့ဌာနကို ချိတ်ဆက်ဆောင်ရွက် စေလိုပါကြောင်း ဆွေးနွေးပြောကြားခဲ့ပါသည်။


**ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေး**

၈။ ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ဒေသထွက် သီးနှံများဖြစ်တဲ့ လက်ဖက်၊ ထောပတ်၊ သရက်၊ နာနတ်များသည် အလားအလာရှိသော ထုတ်ကုန်များ ဖြစ်ပါကြောင်း၊ ဟဲဟိုးမြို့မှာလဲ အာလူးသိုလှောင်ရုံ (၁၀၀၀) တန်ဆံ့ ဆောက်လုပ်ထားပြီး ဖြစ်ပါကြောင်း၊ ပို့ကုန်များ တိုးချဲ့ ထုတ်လုပ်နိုင်ရေး၊ နည်းပညာများ ရရှိရေး၊ ငွေကြေးအရင်းအနှီးများ ရရှိရေး၊ ထုတ်ဈေးငွေများ ပြန်လည်ရရှိရေးနှင့် ပြည်ထောင်စုဝန်ကြီးများ၏ ဆွေးနွေးချက်များအပေါ် မြေပြင်မှာ အမှန်တကယ် ဆောင်ရွက်နိုင်မှုအခြေအနေများကို အကောင်အထည်ဖော်နိုင် အောင် အလေးထား ဆောင်ရွက်သွား မည် ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြခဲ့ပါသည်။

နိုင်ငံတော်ဝန်ကြီးချုပ်နှင့် MSME လုပ်ငန်းရှင်များတွေ့ဆုံဆွေးနွေးပွဲ မှတ်တမ်းဓာတ်ပုံများ





ပြခန်းများသို့ လှည့်လည်ကြည့်ရှုခြင်း မှတ်တမ်းဓာတ်ပုံများ

